# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 24 , 2022 Volume 51, Number 18


| ၂၄.၂.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၁၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၉၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၅.၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၉၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၇၂၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရွှေဈေး တစ်ရက်အတွင်း ၂၀၀၀၀ ကျော်မြင့်တက်၊ တစ်ကျပ်သားလျှင် ၁၉ သိန်း နှစ်သောင်းကျော်ရှိလာ

ယနေ့ (ဖေဖော်ဝါရီ ၂၄ ရက်)နံနက်မှစတင်ကာ မြန်မာ့ရွှေဈေးသည် အကယ်ဒမီရွှေ တစ်ကျပ်သားလျှင် ၁၉၂၂၀၀၀ ဈေးသို့ မြင့်တက်သွားကြောင်း ပြင်ပရွှေဈေးကွက်များမှ သိရသည်။

ယခုရက်ပိုင်းအတွင်း ရွှေဈေးသည် အတက်ဘက်သို့ ဦးတည်နေပြီး နေ့စဉ်ပုံမှန် ၁၀၀၀ ကျပ် ဝန်းကျင်ခန့် အတက်အကျရှိနေရာမှ ယနေ့ (ဖေဖော်ဝါရီ ၂၄ ရက်) နံနက်ပိုင်းတွင် ယမန်နေ့ညနေ အပိတ်ဈေးထက် ကျပ်နှစ်သောင်းကျော်ဝန်းကျင်အထိ တိုးမြင့်ရောင်းချကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်၌ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက် အရ မြန်မာ့အကယ်ဒမီရွှေ တစ်ကျပ်သားလျှင် ၁၉ သိန်းကျော်ဈေးသို့ ပြန်လည်မြင့်တက် လာပြီးနောက်ပိုင်း ၁၉ သိန်းဝန်းကျင်ဖြင့် ပုံမှန်ဈေးငြိမ်သက်ခဲ့သည်။

ယခင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သား လျှင် ၂၀၃၀၀၀၀ ကျပ်ဈေးအထိ အမြင့်ဆုံးဈေးဖြစ်ခဲ့ဖူးပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ငွေကျပ် ၁၉ သိန်းအောက်စတင်ကျဆင်းခဲ့ရာ ယခုပြန်လည်၍ ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား စတင်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅၀ ဝန်းကျင် မြင့်တက်လာပြီးနောက် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ယနေ့နံနက် ရွှေဈေးနှုန်းဖွင့်လှစ်ခြင်းမရှိခဲ့ဘဲ ပြင်ပ ဈေးကွက်တွင်သာ မွန်းလွဲ ၁ နာရီဝန်းကျင်တွင် ရွှေတစ်ကျပ်သား ၁၉၂၂၀၀၀ ဈေးအထိ ဈေးဖွင့်ရောင်းချကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို မူဝါဒအရလျှော့ချပြီး အကန့်အသတ်ဖြင့် တင်သွင်းခြင်းအစီအစဉ်ကို လက်ရှိ Mini Budget မှစတင်၍ အကောင်အထည်ဖော်လျက်ရှိဟုဆို

ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို မူဝါဒအရလျှော့ချပြီး အကန့်အသတ်ဖြင့် တင်သွင်း ခြင်းအစီအစဉ်ကို လက်ရှိ Mini Budget မှစတင်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက ပြောကြားသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြည်ပမှ စားအုန်းဆီးများအားတင်သွင်း၍ မြန်မာနိုင်ငံအတွင်းရှိ ဈေးကွက်များသို့ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများ၏ အရည်အသွေးဈေးနှုန်းကိစ္စရပ်များနှင့်ပတ်သက်သော ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်ဝေစုပိုမိုရရှိလာရေး၊ ဆီစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆီထွက်သီးနှံကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် ဆီထွက်သီးနှံကဏ္ဍတစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ပြည်ပမှစားသုံးဆီတင်သွင်းမှုကို မူဝါဒအရလျှော့ချပြီး အကန့်အသတ်ဖြင့် တင်သွင်းခြင်းအစီအစဉ်ကို လက်ရှိ Mini Budget မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် စားသုံးဆီတင်သွင်းသူများလည်း နစ်နာမှုမရှိစေရေး၊ စားသုံးသူပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် ဗဟိုဘဏ်မှ ရောင်းချပေးသော ဒေါ်လာဈေးဖြင့် သက်သာသော ဈေးနှုန်းတွက်ချက်၍ စီစဉ်ဆောင်ရွက်ပေးခဲ့ သည်မှာ ငါးလရှိပြီဖြစ်ကြောင်း၊ တင်သွင်းဖြန့်ဖြူးသူများအနေဖြင့် အရောင်းအဝယ်သဘောအရ အမြတ်ရရှိရေးကိုသာ အဓိကမဟုတ်ဘဲ စားသုံးသူပြည်သူများအနေဖြင့် အဆင်ပြေမှုရှိစေရန် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကာလတွင် ကမ္ဘာ့စားသုံးဆီဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် ပြည်တွင်းဈေးကွက်ကို ရိုက်ခတ်လျက်ရှိကြောင်း၊ ကမ္ဘာ့ဈေးနှုန်းအနေဖြင့် ယခုနှစ်ဇန်နဝါရီလအတွင်း စားသုံးဆီတစ်တန်လျှင် ပျမ်းမျှ ၁၄၀၇ ဒေါ်လာရှိပြီး ဖေဖော်ဝါရီလပထမပတ်အတွင်း ပျမ်းမျှအားဖြင့် ဒေါ်လာ ၁၅၅၀ မှ ယခုအပတ်အတွင်း ပျမ်းမျှအားဖြင့် ဒေါ်လာ ၁၆၄၀ ခန့်အထိ မြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ စားသုံးဆီတင်သွင်းမှုအနေဖြင့် ကာလတူနှိုင်းယှဉ်ချက်အရ ယခင်နှစ်တွင် တန်ချိန် ၃ ဒသမ ၁ သိန်းကျော်ခန့် တင်သွင်းခဲ့ပြီး ယခုနှစ်တွင် ၂ ဒသမ ၃ သိန်းခန့်သာ တင်သွင်းခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ရာခိုင်နှုန်း ၃၀ အထိ လျှော့ချဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်စေရေးနှင့် သင့်တင့်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/226274

## ရှေးဟောင်း Classic ကားများကို မှတ်ပုံတင်ခွင့်ပြုမည်

၁၉၈၀ ခုနှစ် မတိုင်မီ မော်တော်ယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်များအဖြစ်သတ်မှတ်ကာ ပြန်လည်မှတ်ပုံတင်ခွင့် ပြုမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မူလမှတ်ပုံတင်ထားသော မော်တော်ယာဉ်များကိုသာ ခွင့်ပြုမည်ဖြစ်ပြီး မူလမှတ်ပုံမတင်ထားသော ရှေးဟောင်းမော်တော်ယာဉ်များကိုမူ ခွင့်ပြုပေးမည်မဟုတ်ကြောင်း ဖော်ပြထားသည်။ မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းထားသော ရှေးဟောင်းမော်တော်ယာဉ်များကို ပြန်လည်မှတ်ပုံတင်ပေးရန်အတွက် ထုတ်ပြန်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်မော်တော်ယာဉ်များအဖြစ် တရားဝင်မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် ထုတ်ပြန်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ မော်ဒယ်နှင့် ယင်းကာလမတိုင်မီက မော်တော်ယာဉ်များကို သတ်မှတ် ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနများတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ(၂၄)ရက်နေ့မှ မတ်လ(၂၅)ရက်နေ့အထိ ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းမော်တော်ယာဉ်များကို စုဆောင်းထားရှိသူများရှိပြီး ယခင်ဖျက်သိမ်းခဲ့သော မှတ်ပုံတင်ထားသည့် ရှေးဟောင်းယာဉ်ဟောင်းများမှာ လိုင်စင်မဲ့အဖြစ်ထားရှိနေရသည်။ လက်ရှိထုတ်ပြန်ချက်ကြောင့် ၁၉၈၀ ခုနှစ်နှင့် ယင်းအောက် ရှေးဟောင်းယာဉ်များမှာ မှတ်ပုံတင်ခွင့်ရရှိတော့မည်ဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2024071

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် လေးလကျော်အတွင်း စစ်တွေ၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၁၅ ဒသမ ၇၈၅ သန်းရှိ



https://news-eleven.com/article/226270

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် လေးလကျော်အတွင်း စစ်တွေ၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပို့ကုန်တင်ပို့မှု တန်ဖိုးဒေါ်လာ ၁၅ ဒသမ ၇၈၅ သန်းရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ လေးလကျော်အတွင်း စစ်တွေနယ်စပ်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၈ ဒသမ ၃၉၃ သန်း၊ သွင်းကုန်ဒေါ်လာ ၀ ဒသမ ၀၂၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၈ ဒသမ ၄၁၈ သန်းရရှိခဲ့သည်။ မောင်တောနယ်စပ်မှ ပို့ကုန်ဒေါ်လာ ၇ ဒသမ ၃၉၂ သန်း၊ သွင်းကုန်ဒေါ်လာ သုညဒသမ ၀၅၁ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၇ ဒသမ ၄၄၃ သန်းရရှိခဲ့သည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိရာ သွင်းကုန်များအလွန်နည်းပါးခဲ့ပြီး ပို့ကုန်အသာစီးရ တင်ပို့နိုင်ခဲ့သည်ဟုသိရသည်။ မြန်မာဖက်မှ ပို့ကုန်များအား ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၆ မှ စတင်တင်ပို့ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်အထိ ကုန်သွယ်မှုစာရင်းများအရ စစ်တွေနှင့် မောင်တောစခန်းနှစ်ခုမှ ပို့ကုန်ဒေါ်လာ ၈ ဒသမ ၄၇၈ သန်းနှင့် သွင်းကုန်ဒေါ်လာ ၀ ဒသမ ၀၃၈ သန်းကုန်သွယ်မှု ပြုလုပ်ခဲ့သည်။ တင်ပို့ကုန်များထဲတွင် ရေထွက်ကုန်တန်ဖိုးဒေါ်လာ ၅ ဒသမ ၀၀၁ သန်း တင်ပို့နိုင်ခဲ့ကြောင်းနှင့် ရေချိုငါး(ငါးမြစ်ချင်း)အများဆုံး တင်ပို့ခဲ့ပြီး ရခိုင်ဒေသထွက် ငါးမုတ်မဲ၊ ငါးနီတူခြောက်၊ ငါးနုပ်ခြောက်နှင့် ငါးစုံကလေးခြောက်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ကုန်သွယ်မှု ပြန်လည်စတင်သည့် အောက်တိုဘာ ၁၆ မှ နိုဝင်ဘာ ၃ ရက်အထိ နှစ်ပတ်အတွင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၃၆ သန်းရှိကာ ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၃၅ သန်းကျော်ရရှိခဲ့ကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။ ရွှေမင်းဂံဆိပ်ကမ်းမှ နှစ်ပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး ၁၃၅၆၇၆၁ ဒေါ်လာ (၁ ဒသမ ၃၆ သန်း) ရရှိခဲ့ပြီး ပို့ကုန်တင်ပို့မှုမှ ၁၃၅၃၂၆၁ ဒေါ်လာ (၁ ဒသမ ၃၅ သန်းကျော်)နှင့် သွင်းကုန်တင်သွင်းမှုမှ ဒေါ်လာ ၃၅၀၀ ရှိခဲ့သည်။

တင်ပို့ကုန်ပစ္စည်းအများစုမှာ ရေချိုငါး၊ ငါးခြောက်၊ ကြက်သွန်နီ၊ ဂျင်းစိမ်း၊ ဇီးယိုမျိုးစုံ၊ မကျည်းသီး၊ မကျည်းစေ့တို့ ဖြစ်ကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စစ်တွေရွှေမင်းဂံဆိပ်ကမ်းနှင့် မောင်တောကညင်ချောင်း ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို ကိုဗစ်-၁၉ တတိယလှိုင်းကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင် ၁၅ ရက်မှစ၍ ပိတ်ထားခဲ့ရာမှ လက်ရှိအချိန်တွင် ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/226270

## သီရိလင်္ကာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်း စံချိန်တင်မြင့်တက်

သီရိလင်္ကာနိုင်ငံတွင် နိုင်ငံခြားငွေကြေးပြတ်လပ်မှုအခြေအနေ ပိုမိုဆိုးရွားနေချိန်တွင် ဖေဖော်ဝါရီ ၂၂ ရက်က တရားဝင်ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ လေးလဆက်တိုက်စံချိန်တင်မြင့်တက်ခဲ့သည်။

အမျိုးသားစားသုံးသူဈေးနှုန်းညွှန်းကိန်း (NCPI) ၏ဖော်ပြချက်တွင် ဇန်နဝါရီလအတွင်း ငွေကြေးဖောင်းပွမှုသည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၆.၈ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ပြီး ယင်းသည် လေးလဆက်တိုက် စံချိန်တင်ငွေကြေးဖောင်းပွမှုဖြစ်ကာ ၈.၃ ရာခိုင်နှုန်းရှိခဲ့သည့် အောက်တိုဘာလထက် နှစ်ဆကျော်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာတွင် အစားအစာ၊ လောင်စာနှင့် ဆေးဝါးများအပါအဝင် အဓိကကျသည့် ကုန်ပစ္စည်းများကို တင်သွင်းဝယ်ယူရန်အတွက် ဒေါ်လာများပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

ဖေဖော်ဝါရီ ၂၁ ရက်ကလည်း စွမ်းအင်ဝန်ကြီးဌာနက လောင်စာများကို အကြွေးဖြင့်ဝယ်ယူရန်ရုန်းကန်နေရပြီး ဆီဆိုင်များတွင် ဆီပြတ်လပ်မှုများဖြစ်ပွားနေသဖြင့် အချို့ဆီဆိုင်များတွင် ဆီဖြည့်ရန်တန်းစီစောင့်ဆိုင်းနေရပြီး အချို့ဆီဆိုင်များမှာ ပိတ်ခဲ့ရသည်။

နိုင်ငံပိုင် Ceylon Petroleum Corporation (CPC) ရေနံကုမ္ပဏီသည် ကြွေးမြီဒေါ်လာ ၃.၅ ဘီလျံရှိနေမှုနှင့်အတူ နောက်ထပ်ကြွေးမြီအသစ်များ ရရှိနိုင်စွမ်းမရှိတော့ဟု စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ CPC ကုမ္ပဏီသည် လာမည့်လများအတွင်း ရေနံဝယ်ယူရန်အတွက် အိန္ဒိယအစိုးရထံမှ ဒေါ်လာသန်း ၅၀၀ ချေးငွေယူရန် အဆိုပြုခဲ့သည်ဟု အရာရှိများက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်က တရားရုံးချုပ်သည် ယခုနှစ်အတွင်း နောက်ထပ်အခွန်ငွေ ဒေါ်လာသန်း ၂၅၀ ရရှိရန် ရည်မှန်းထားသည့် ဥပဒေမူကြမ်းအသစ်ကို ပယ်ချခဲ့သဖြင့် အခွန်တိုးမြှင့်ကောက်ခံမည့် အစိုးရ၏အစီအစဉ်များအတွက် ထိုးနှက်ချက်တစ်ခုဖြစ်ခဲ့သည်။

အခွန်နှုန်းထားများနှင့် အခွန်ကောက်ခံမည့်ကဏ္ဍများကိုဆုံးဖြတ်ရန် ဘဏ္ဍာရေးဝန်ကြီးကို အခွင့်အာဏာပေးမည့် အထူးကုန်စည်များနှင့် ဝန်ဆောင်မှုများ အခွန်ဥပဒေမူကြမ်းသည် လွှတ်တော်၏ ဘဏ္ဍာရေးအာဏာပိုင်မှုကို ချိုးဖောက်ခြင်းဖြစ်သည်ဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။

သီရိလင်္ကာ၏အစိုးရအဖွဲ့သည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေရယူရန် ကြိုးပမ်းမှုနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများဖြစ်ပွားနေကာ ယင်းအစီအစဉ်ကို ဆန့်ကျင်သူများက နိုင်ငံခြားငွေပြတ်လပ်မှုကို ရင်ဆိုင်ကျော်လွှားရန်အတွက် ပြည်ပကြွေးမြီ ၃၅ ဘီလျံကို ပြန်လည်ပေးဆပ်နိုင်စွမ်းရှိမည့် ကြွေးမြီပုံစံတစ်မျိုးအဖြစ် ပြောင်းလဲရန်တောင်းဆိုခဲ့သည်။ သီရိလင်္ကာတွင် နိုင်ငံခြားငွေကြေးပြတ်လပ်ခဲ့မှုသည် နိုင်ငံအတွင်း ရေနံလိုအပ်ချက်များကို သွင်းကုန်အပေါ်တွင်သာ အလုံးစုံမှီခိုနေရသည့် စွမ်းအင်ကဏ္ဍအတွက် ဆိုးရွားစွာ အကျိုးသက်ရောက်ခဲ့သည်။

ယင်းကဲ့သို့ လောင်စာပြတ်လပ်မှုများကြောင့် အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်မှုရပ်ဆိုင်းသွားခဲ့ကာ နိုင်ငံတစ်ဝန်းတွင် ကြိုတင်ကြေညာခြင်းမရှိသည့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့သည်။ သီရိလင်္ကာ၏စီးပွားရေးကြောင့် စားနပ်ရိက္ခာရှားပါးမှုများဖြစ်ပေါ်နေပြီး စူပါမားကက်များတွင် ဆန်အပါအဝင် အခြေခံစားသောက်ကုန်များကို ခွဲတမ်းဖြင့် ရောင်းချနေရသည်။ ထို့ပြင်မော်တော်ယာဉ် အပိုပစ္စည်းများနှင့် ဘိလပ်မြေများမှာလည်း ပြတ်လပ်လျက်ရှိသည်။

**Source:** https://news-eleven.com/article/226278

## ကြက်သွန်ဈေးတက်မှာစိုးလို့ အိန္ဒိယနိုင်ငံအစိုးရက အရန်ကြက်သွန်တွေထုတ်ရောင်း

ကြက်သွန်နီလက်လီဈေးတွေ ခုန်တက်လာမှာကို တားဆီးတဲ့အနေနဲ့ အိန္ဒိယအစိုးရက ပြီးခဲ့တဲ့လတွေအတွင်း ကြက်သွန်ဈေးမြင့်တက်လာတဲ့ ပြည်နယ်တွေမှာ အရန်သိုလှောင်ထားတဲ့ ကြက်သွန်တွေကို စတင်ရောင်းချပြီး ဈေးနှုန်းတည်ငြိမ်ရေးကို ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ဒေသအလိုက် ကြက်သွန်ဈေးကွက်တွေမှာ ရောင်းအားလိုအပ်ချက်ကို ဖြည့်ဆည်းတဲ့အနေနဲ့ လာဆယ်ဂွန်ဒိုင်အပါအဝင် ကြက်သွန်ကုန်စည်ဒိုင်တွေမှာ အရန်ကြက်သွန်တွေကို ရောင်းချပေးနေတယ်လို့ စားသုံးသူရေးရာဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ပါတယ်။

အဲဒီဝန်ကြီးဌာနရဲ့စစ်တမ်းအရ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ကြက်သွန်နီလက်လီဈေးတွေက တဖြည်းဖြည်းမြင့်တက်လာပြီး ဒေလီနဲ့ချန်နိုင်းမှာဆိုရင် တစ်ကီလိုကို ၃၇ ရူပီးနဲ့ မွန်ဘိုင်းမှာ ၃၉ ရူပီး၊ ကိုးလ်ကတ္တားမှာဆိုရင် ၄၃ ရူပီးစီဖြစ်လာတယ်လို့ဆိုပါတယ်။

မိုးနှောင်းကြက်သွန်ဈေးက ဈေးကွက်ထဲကို ပုံမှန်အဝင်ရှိနေပြီး ဆောင်းကြက်သွန် အသစ်ကတော့ လာမယ့်မတ်လကနေစပြီးဈေးကွက်ထဲ စတင်ဝင်လာမယ်လို့ စားသုံးသူရေး ရာဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဒီလ (ဖေဖော်ဝါရီ ၁၇) အထိဆိုရင် အိန္ဒိယတစ်နိုင်ငံလုံးရဲ့ ပျမ်းမျှကြက်သွန်နီဈေးက မနှစ်ကဈေးနဲ့ယှဉ်ရင် ၂၂.၃၆ % လျော့နည်းနေတယ်လို့ ဆိုပါတယ်။

ကုန်စျေးနှုန်းတည်ငြိမ်ရေး ရန်ပုံငွေကတစ်ဆင့် ဈေးကွက်တည်ငြိမ်ရေးကို ထိရောက်ဖို့ ကြိုးပမ်းနေတာကြောင့် လက်ရှိ ၂၀၂၁-၂၂ အတွင်း ကြက်သွန်နီဈေးတွေတည်ငြိမ်မှု ဆက်ရှိ နေတယ်လို့ စားသုံးသူရေးရာဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

**Ref: Business Standard**

**Source: Current Content**

## နှစ်သစ်ကူးပွဲတော်ပြီးနောက် ကုန်အမှာစာရရှိမှုမြင့်တက်လာသဖြင့် လုပ်သားများ ပိုမိုခန့်ထားနေသည့် ဗီယက်နမ်နိုင်ငံမှစက်ရုံများ

နှစ်သစ်ကူးပွဲတော်ပြီးနောက် စက်မှုထုတ်ကုန်များအတွက် ကုန်အမှာစာရရှိမှုများ မြင့်တက်လာသဖြင့် ဗီယက်နမ်မှ စက်ရုံများက လုပ်သားအသစ်များကို ငှားရမ်းရန် ဗီယက်နမ်ဒေါင် ဘီလီယံနှင့်ချီ၍ သုံးစွဲနေကြသည်ဟုသိရပါသည်။ ဗီယက်နမ် ဒေါင် (၁)ဘီလီယံ လျှင် အမေရိကန်ဒေါ်လာ (၄၃,၀၀၀)နှင့် ညီမျှပါသည်။

Bien Hoa 2 စက်မှုဇုန်အတွင်းရှိ ဖိနပ်ကုမ္ပဏီတစ်ခုဖြစ်သော Taekwang Vina Industrial JSC တွင် အလုပ်သမားပေါင်း (၅)ထောင် လိုအပ်နေပြီး၊ အလုပ်သမား ငှားရမ်းသည့်စာချုပ် လက်မှတ်ထိုးပါက လူတစ်ဦးလျှင် ဗီယက်နမ်ဒေါင် (၁၅)သန်းပေးရန် ပြင်ဆင်နေသည်ဟု သိရပါသည်။ အသစ်ဝင်ရောက်လာသည့် လုပ်သားများအနေဖြင့် စာချုပ်တွင် လက်မှတ်ထိုးသည့်အခါ ဆုကြေးငွေအဖြစ် ဗီယက်နမ်ဒေါင် (၂)သန်းမှ (၃)သန်း ကြားရရှိမည်ဖြစ်ပြီး၊ (၁၂)လ အတွက် လစဉ်ဆုကြေးငွေ ဗီယက်နမ်ဒေါင် (၄)သိန်းနှင့် ကုမ္ပဏီမှငှားရမ်းပေးသည့်အိမ် စသည့်ခံစားခွင့်များကို ရရှိမည်ဖြစ်ပါသည်။ လုပ်သားအသစ်များကို ထိုကဲ့သို့ ဆွဲဆောင်ရသဖြင့် စုစုပေါင်းကုန်ကျစရိတ် ဗီယက်နမ်ဒေါင် ဘီလီယံ (၁၀၀)ခန့်ရှိမည်ဟု သိရပါသည်။

ဗီယက်နမ်ရှိ စက်ရုံများမှာ ကိုဗစ်ရောဂါဖြစ်ပွားခဲ့မှုနှုန်း အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သောကြောင့် (၃)လကြာမျှ ပိတ်ထားခဲ့ရပြီး၊ ယခုပြန်လည်ဖွင့်လှစ်သည့်အခါ ယခင်အမှာစာများကို အချိန်မီပြီးစီးရန်အပြင် နောက်ထပ်အမှာစာများကိုပါ လက်ခံရရှိခြင်းကြောင့် အလုပ်သမားများကို အပူတပြင်းရှာဖွေလာရခြင်းဖြစ်ပါသည်။ ထိုသို့ လုပ်သား ရှာဖွေလာသည့် လုပ်ငန်းများတွင် ဖိနပ်စက်ရုံများနှင့် အထည်အလိပ်စက်ရုံများ အများအပြား ပါဝင်ပါသည်။

နောက်ထပ်ဆွဲဆောင်မှုအဖြစ် အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အလုပ်သမားငှားရမ်းမှုအတွက် အထောက်အပံ့အဖြစ် ဗီယက်နမ်ဒေါင် (၆.၆) ထရီလီယံတန်ဖိုးရှိ (၃)လ လူမှုဖူလုံရေးအစီအစဉ်ကို အဆိုပြုခဲ့ပါသည်။ လက်ရှိလုပ်သားများနှင့် စာချုပ်ဖြင့် အသစ်ငှားရမ်းထားသည့် လုပ်သားများသည် (၃)လအထိ ကာလအတွက် ဗီယက်နမ်ဒေါင် (၅)သိန်းမှ (၁)သန်းကြားကို အသီးသီးလက်ခံရရှိကြမည်ဖြစ်ပါသည်။

**Source: vnexpress** (၁၈-၂-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## နိုင်ငံစုံကုန်သွယ်မှုမြှင့်တင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး Yeo Han-koo ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်ခဲ့မှု



Photo Courtesy: Ministry of Trade, Industry & Energy of Korea

တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင် ဝန်ကြီးဌာနမှ ကုန်သွယ်ရေးဝန်ကြီး Mr. Yeo Han-koo သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်မှ (၁၀) ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့သို့ သွားရောက်ခဲ့ပြီး နိုင်ငံစုံ ကုန်သွယ်မှု ခိုင်မာစေရေးအစီအမံများကို ဆွေးနွေးရန် တောင်ကိုရီးယား-ဆွစ်ဇာလန် နှစ်နိုင်ငံ၏ သက်ဆိုင်ရာအရာရှိများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။

တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး Mr. Yeo Han-koo သည် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (International Trade Center)၏ အမှုဆောင်ဒါရိုက်တာ Pamela Coke-Hamilton နှင့်တွေ့ဆုံပြီး ကုန်သွယ်မှုဝန်ထမ်းများကို လေ့ကျင့်သင်ကြားရာတွင် ပူးပေါင်းဆောင်ရွက်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) ၏ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများနှင့် နိုင်ငံစုံစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံကုလသမဂ္ဂဆိုင်ရာအမြဲတမ်းအဖွဲ့ရုံးမှ ပြည်တွင်းနိုင်ငံတကာ ကုန်သွယ်မှုဥပဒေပါမောက္ခနှင့် အွန်လိုင်းကုန်သွယ်မှုအထူးကျွမ်းကျင်သူများနှင့် အစည်းအဝေးကျင်းပ၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

ထိုနေ့တွင်ပင် တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးသည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးညီလာခံ (U.N. Conference on Trade and Development -UNCTAD) ရုံးသို့သွားရောက်၍ UNCTAD အထွေထွေ အတွင်းရေးမှူး Rebeca Grynspan နှင့်တွေ့ဆုံကာ တောင်ကိုရီးယားနိုင်ငံ၏ ကိုယ်ပိုင်ကုန်သွယ်မှုအခြေခံ ဖွံ့ဖြိုးတိုးတက်ခဲ့မှု သမိုင်းကြောင်းကို အခြေပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကိုယ်ပိုင်စွမ်းရည်မြှင့်တင်ပေးရေး လုပ်ငန်းစဉ်များအတွက် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း၊ ခရီးစဉ်၏ဒုတိယမြောက်နေ့တွင် ဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala နှင့် COVID-19 တုံ့ပြန်ရေး၊ အဓိက ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့် WTO အတွင်းရေးမှူးချုပ်ရုံးတွင် ကိုရီးယားနိုင်ငံ တိုးချဲ့ထားရှိမှုတို့ကို ဆွေးနွေးခဲ့ကြောင်း၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ရေးအဖွဲ့ (International Standard Organization-ISO) ဥက္ကဋ္ဌ Ulrika Francke နှင့်လည်းတွေ့ဆုံခဲ့ပြီး ပေါ်ပေါက်လာသောနည်းပညာများနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို နိုင်ငံတကာစံနှုန်းများတွင်ထည့်သွင်းရန် နည်းလမ်းများကိုဆွေးနွေးခဲ့ကြောင်း၊ နောက်ထပ်ဆွေးနွေးပွဲများသည် ဒစ်ဂျစ်တယ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကာဗွန်ကြားနေရေးဆိုင်ရာ နယ်ပယ်များတွင် ပိုမိုအားကောင်းသည့် ကိုရီးယား-ISO ပူးပေါင်းဆောင်ရွက်မှုကို လွှမ်းခြုံထားကြောင်း လေ့လာသိရှိရပါသည်။

Source: Ministry of Trade, Industry and Energy of Korea (MOTIE)

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ဘရာဇီးလ်နိုင်ငံ၊ Santa Catarina ပြည်နယ်တွင် မိုးခေါင်သည့်ရာသီဥတုဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ၌ တန်ဖိုး ဟဲရာ ၃.၇ ဘီလီယံကျော် ဆုံးရှုံးနစ်နာခဲ့


Photo: Aleisson Ludtke/Epagri

ဘရာဇီးလ်နိုင်ငံ၏ဒေသအချို့တွင် မိုးခေါင်မှုကြောင့် သီးနှံစိုက်ခင်းများပျက်စီးဆုံးရှုံးလျက်ရှိရာ Santa Catarina ပြည်နယ်တွင် ယခင်နှစ်ကတည်းက မိုးခေါင်မှုဒဏ်ခံစားခဲ့ရသဖြင့် ပြောင်း၊ ပဲပုတ်စေ့နှင့်ပဲသီးနှံ စိုက်ခင်းများ အဓိကပျက်စီးဆုံးရှုံးခဲ့ပြီး တန်ဖိုး ၃.၇ ဘီလီယံကျော် ဆုံးရှုံးနစ်နာခဲ့ကြောင်း သုတေသနတွေ့ရှိချက်များအား ဘရာဇီးလ်နိုင်ငံ အသုံးချစီးပွားရေးသုတေသနဌာန (Epagri /Cepa)က သတင်းထုတ်ပြန်ခဲ့သည်။

အသုံးချ စီးပွားရေးသုတေသနဌာန၏ အချက်အလက်များအရ ပြည်နယ်အတွင်းရှိ ပဲပုတ်စေ့ စိုက်ခင်းဧရိယာ၏ ၂၁.၆ ရာခိုင်နှုန်းပျက်ဆီးမှုကြောင့် ပဲပုတ်စေ့တန်ချိန် ၅၅၁,၆၀၀ တန်ခန့် ဆုံးရှုံးခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ဟဲရာ ၁.၅ ဘီလီယံ ပမာဏရှိကြောင်း၊ ပြည်နယ်၏ နှစ်စဉ်ပဲပုတ်စေ့ထွက်ရှိမှုမှာ တန်ချိန် ၂ သန်းကျော်ရှိကြောင်း သုတေသနပညာရှင် Haroldo Tavares Elias က ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် Santa Catarina ပြည်နယ်ရှိ ပြောင်းသီးနှံစိုက်ခင်းဧရိယာ၏ ၃၄.၅ ရာခိုင်နှုန်းပျက်ဆီးခဲ့ပြီး ပြောင်းတန်ချိန် ၉၃၆,၂၀၀ တန် ဆုံးရှုံးခဲ့သဖြင့် တန်ဖိုးဟဲရာ ၁.၄ ဘီလီယံကျော် ဆုံးရှုံးနစ်နာခဲ့ကြောင်း၊ ပြည်နယ်မှ နှစ်စဉ် ပြောင်းတန်ချိန် ၂.၇ သန်း စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း Haroldo ကပြောကြားခဲ့သည်။

ပြည်နယ်၏ ပြောင်းစေ့ထွက်ရှိမှုကျဆင်းခြင်းကြောင့် အစာကုန်ကြမ်းဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့ပြီး ပြည်နယ်

အတွင်းရှိ ကြက်နှင့်ဝက်မွေးမြူရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ Santa Catarina ပြည်နယ်သည် စိုက်ပျိုးရေးအပြင် ကြက်သားနှင့်ဝက်သားများအား အဓိကထုတ်လုပ်တင်ပို့လျက်ရှိပြီး တိရစ္ဆာန်အစာကုန်ကြမ်းထုတ်လုပ်မှုအတွက် ၁ နှစ်လျှင် ပြောင်းစေ့ပျမ်းမျှတန်ချိန် ၇.၃ သန်းလိုအပ်ချက်ရှိကြောင်း၊ ပြည်နယ်တွင်းထုတ်လုပ်မှုနှင့်မလုံလောက်သဖြင့် အခြားပြည်နယ်များမှ ပုံမှန်ဝယ်ယူရလျက်ရှိကြောင်း Haroldo က ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် ပြည်နယ်ရှိနွားစားပြောင်းစိုက်ခင်းဧရိယာ၏ ၃၁.၈ ရာခိုင်နှုန်းပျက်စီးခဲ့ပြီး ပြောင်းတန်ချိန် ၂.၉ သန်းဆုံးရှုံးခဲ့သဖြင့် တန်ဖိုး ၆၂၇,၅၀၀ ဟဲရာ နစ်နာဆုံးရှုံးခဲ့ကြောင်း၊ ပဲစိုက်ခင်းပျက်စီးမှုသည် စုစုပေါင်းဧရိယာ၏ ၂၂.၄ ရာခိုင်နှုန်းရှိခဲ့ပြီး ခန့်မှန်းပဲတန်ချိန် ၁၅,၃၀၀ တန် ပျက်ဆီးခဲ့သဖြင့် တန်ဖိုးဟဲရာ ၆၃ သန်း နစ်နာဆုံးရှုံးခဲ့ကြောင်း၊ ပြည်နယ်၏နှစ်စဉ်ပဲထုတ်လုပ်မှုသည် တန်ချိန် ၅၃,၁၀၀ တန်ရှိကြောင်း သုတေသနပညာရှင် Haroldo က ပြောကြားခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်ပါ အချက်အလက်များသည် ဇန်နဝါရီလတွင်ပြုလုပ်ခဲ့သည့် သုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပြီး မိုးခေါင်မှုဆက်လက် ဖြစ်ပွားမှုအပေါ်မူတည်၍ ဆုံးရှုံးနိုင်မည့်အချက်အလက်များ ပိုမိုမြင့်တက်လာနိုင်ကြောင်း Haroldo က ပြောကြားခဲ့သည်။ ထို့အပြင် မိုးခေါင်မှုအခြေအနေသည် ဖေဖော်ဝါရီလကုန်အထိဆက်လက်ဖြစ်ပေါ် နိုင်ပြီး ပြည်နယ်၏အနောက်ပိုင်းဒေသများတွင် ပိုမိုဆိုးရွားနိုင်ကြောင်း၊ မတ်လဆန်းမှစတင်၍ပျမ်းမျှ မိုးရေချိန်အောက်မိုးရွာသွန်းနိုင်ပြီး နောက်အကျဆုံးမိုးခေါင်မှုကာလသည် ဧပြီလအထိဖြစ်ပေါ်နိုင်ကြောင်း ပြည်နယ်အစိုးရလက်အောက်ရှိ စိုက်ပျိုးရေးသုတေသနကုမ္ပဏီ(Agriculture Research and Extension Company– Epagri)၏ ခန့်မှန်းချက်အား သတင်းတွင်ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် သီးနှံစိုက်ခင်းပျက်စီးဆုံးရှုံးမှုများ လျှော့ကျစေရန်ရည်ရွယ်၍ the More Soil and Water Program အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ခင်းများ အတွက်ရေသိုလှောင်ခြင်းနှင့်ရေသွယ်၍ ရေသွင်း စိုက်ပျိုးခြင်းများလုပ်ဆောင်နိုင်စေရန် ပြည်နယ်အစိုးရက ရန်ပုံငွေများစိုက်ထုတ်လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

**Source: canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## STOCK EXCHANGE (24.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 7 | 57,400 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 77 | 231,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 1,000 | 8,000,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 80 | 1,520,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 157 | 408,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 19,977,223 | 55,936 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |

## Market summary

As of 24th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.52 | -0.37 | -0.10% | 379.89 | 379.89 | 379.52 | 1,322 | 10,221,600 | 7 | 660,227 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 24th Feb. 2022

| MYANPIX | 379.52 ▼ 0.37 |
|---|---|
| Total Volume (shares) | 1,322 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 660,227 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |